# ရှမ်းပြည်နယ်

## ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ
## လောက်ကိုင်မြို့နယ်

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# လောက်ကိုင်မြို့နယ်

# ဒေသဆိုင်ရာအချက်အလက်များ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်

ကန့်သတ်

မာတိကာ



| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | မြေပုံ | | |
| | **အခန်း(၁)**<br>**နိဒါန်း နှင့် ဒေသသမိုင်း** | | |
| ၁။ | နိဒါန်း | ၁ | - |
| ၂။ | ဒေသသမိုင်းအကျဉ်း | ၂ | ၉ |
| | **အခန်း(၂)**<br>**ပထဝီဝင်အနေအထား** | | |
| ၃။ | တည်နေရာနှင့် အကျယ်အဝန်း | ၉ | ၁၀ |
| ၄။ | နယ်နိမိတ် | ၁၀ | ၁၁ |
| ၅။ | မြေမျက်နှာသွင်ပြင် | ၁၁ | - |
| ၆။ | ရေဆင်း | ၁၁ | - |
| ၇။ | ပင်လယ်ရေမျက်နှာပြင်အထက်အမြင့် | ၁၁ | ၁၂ |
| | **အခန်း(၃)**<br>**ရာသီဥတုနှင့်သဘာဝပတ်ဝန်းကျင်** | | |
| ၈။ | ရာသီဥတု | ၁၂ | - |
| ၉။ | သဘာဝပေါက်ပင် | ၁၂ | - |
| ၁၀။ | တောရိုင်းတိရစ္ဆာန်များ | ၁၂ | - |
| ၁၁။ | သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ | ၁၂ | - |
| ၁၂။ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ | ၁၃ | - |
| ၁၃။ | သဘာဝဘေးအန္တရာယ် ကျရောက်မှု | ၁၃ | - |
| | **အခန်း(၄)**<br>**လူဦးရေဆိုင်ရာအချက်အလက်များ** | | |
| ၁၄။ | နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ | ၁၄ | - |
| ၁၅။ | အိမ်ခြေ ၊ အိမ်ထောင်စုနှင့်လူဦးရေ<br>(က)အိမ်ခြေ/အိမ်ထောင်စု<br>(ခ)လူဦးရေ | <br>၁၅<br>၁၆ | <br>-<br>- |
| ၁၆။ | လူဦးရေတိုးနှုန်းနှင့် ကျား/မ အချိုး<br>(က)လူဦးရေတိုးနှုန်းနှင့်ကျား/မ အချိုး<br>(ခ)မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ | <br>၁၇<br>၁၈ | <br>-<br>- |
| ၁၇။ | ကိုးကွယ်သည့်ဘာသာ | ၁၉ | - |
| ၁၈။ | နိုင်ငံခြားသားများနေထိုင်မှု | ၂၀ | - |
| | **အခန်း(၅)** | | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | **အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ** | | |
| ၁၉။ | အုပ်ချုပ်ရေးနယ်မြေ ဖွဲ့စည်းမှု | ၂၀ | - |
| ၂၀။ | **ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များ** | | |
| | (က)မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း | ၂၁ | - |
| | (ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ | ၂၂ | - |
| | (ဂ) နိုင်ငံရေးပါတီများ | ၂၂ | - |
| | (ဃ)ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ | ၂၂ | - |
| | **အခန်း(၆)**<br>**စီးပွားရေးဆိုင်ရာ အချက်အလက်များ** | | |
| ၂၁။ | စီးပွားရေးဆိုင်ရာ ခြုံငုံသုံးသပ်ချက် | ၂၃ | - |
| ၂၂။ | မြေအသုံးချမှု | ၂၃ | - |
| ၂၃။ | **ဆည်မြောင်းတာတမံများနှင့်ဆည်ရေသောက်ဧရိယာ** | | |
| | (က) ကိုယ့်အားကိုယ်ကိုးဆည်များ | ၂၄ | - |
| | (ခ) မြစ်ရေတင်စီမံကိန်းများ | ၂၄ | - |
| | (ဂ) တာတမံများ/ရေထိန်းတံခါးများ | ၂၄ | - |
| ၂၄။ | **စိုက်ပျိုးရေးလုပ်ငန်း** | | |
| | (က) အဓိကသီးနှံ(၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု | ၂၅ | - |
| | (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ | ၂၆ | - |
| | (ဂ) အခြားဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်မှု | ၂၆ | - |
| | (ဃ) လယ်ယာသုံးစက်ကိရိယာ သုံးစွဲမှုအခြေအနေ | ၂၇ | - |
| | (င)လယ်ယာသုံးထယ်၊ထွန်နှင့်ကျွဲ၊နွားကောင်ရေ | ၂၇ | - |
| | (စ) ဒေသတွင်းဆန်ဖူလုံမှုရာခိုင်နှုန်း | ၂၇ | ၂၈ |
| | (ဆ) ဒေသတွင်းဆီဖူလုံမှုရာခိုင်နှုန်း | ၂၈ | - |
| ၂၅။ | **မွေးမြူရေးလုပ်ငန်း** | | |
| | (က) မွေးမြူရေးဇုန်များ | ၂၉ | - |
| | (ခ) မြို့နယ်မွေးမြူရေး(ကောင်ရေ) | ၂၉ | - |
| | (ဂ) မြို့နယ်အသားထုတ်လုပ်မှု(ပိဿာ) | ၂၉ | - |
| | (ဃ) မြို့နယ်ကြက်/ဘဲ/ငုံးဥထုတ်လုပ်မှု(လုံး) | ၃၀ | - |
| | (င) နို့ထွက်ပစ္စည်းထုတ်လုပ်မှု | ၃၀ | - |
| | (စ) မြို့နယ်ငါးပုစွန်မွေးမြူမှုအခြေအနေ | ၃၀ | - |
| | (ဆ) ရေချို ရေငန်ငါးဖမ်းလုပ်ငန်းမှ အသားထုတ်လုပ်မှု | ၃၀ | - |
| ၂၆။ | **စက်မှုလက်မှုလုပ်ငန်း** | | |
| | (က) စက်မှုဇုန်များ | ၃၁ | - |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (ခ) မြို့နယ်ရှိစက်ရုံများ | ၃၁ | - |
| | (ဂ) မြို့နယ်ရှိအလုပ်ရုံများ | ၃၂ | ၃၃ |
| | (ဃ) အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ | ၃၃ | - |
| ၂၇။ | **သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ** | | |
| | (က) သစ်တောများ | ၃၄ | - |
| | (ခ) စီးပွားဖြစ်သစ်တောစိုက်ခင်း | ၃၄ | - |
| | (ဂ) သစ်ထုတ်လုပ်မှု | ၃၄ | - |
| | (ဃ) သစ်တောထွက်ပစ္စည်းများ | ၃၅ | - |
| ၂၈။ | **တွင်းထွက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း** | | |
| | (က) ဓာတ်သတ္တုတူးဖော်ထုတ်လုပ်မှု | ၃၆ | - |
| | (ခ) ကျောက်မျက်တူးဖော်ထုတ်လုပ်မှု | ၃၆ | - |
| ၂၉။ | **စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ** | | |
| | (က) ဓာတ်ဆီ/ဒီဇယ် အရောင်းဆိုင်များ | ၃၆ | - |
| | (ခ) သဘာဝဓါတ်ငွေ့အရောင်းဆိုင်များ | ၃၇ | - |
| ၃၀။ | **ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်း** | | |
| | (က) လေကြောင်းလမ်း | ၃၇ | - |
| | (ခ) ရေကြောင်းလမ်း | ၃၇ | - |
| | (ဂ) ရထားလမ်းနှင့်ဘူတာရုံများ | ၃၇ | - |
| | (ဃ) ကားဂိတ်များ | ၃၇ | ၃၈ |
| ၃၁။ | **လမ်းဦးစီးဌာနမှလုပ်ငန်းများ** | | |
| | (က)ကားလမ်းများ | ၃၈ | - |
| | (ခ) မြို့နယ်ချင်းဆက်လမ်းများ | ၃၈ | - |
| | (ဂ) တံတားများ | ၃၈ | ၃၉ |
| | (ဃ) လမ်း၊တံတားသုံးစက်ကိရိယာများ | ၃၉ | - |
| | (င) လမ်း၊တံတားအသုံးပြုခကောက်ခံ သည့်လုပ်ငန်း | ၃၉ | - |
| ၃၂။ | **ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း** | | |
| | ( က ) ဟိုတယ်၊ မိုတယ်၊အင်း၊ တည်းခိုခန်း | ၃၉ | ၄၀ |
| | ( ခ ) ကမ်းခြေ/ အပန်းဖြေနေရာ | ၄၀ | - |
| ၃၃။ | သမဝါယမအသင်းများ | ၄၀ | - |
| ၃၄။ | **စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦများ** | | |
| | (က) ကုမ္ပဏီ၊ ကုန်စည်ဒိုင်၊ပွဲရုံ၊ဈေးနှင့်ကုန်တိုက်များ | ၄၀ | ၄၁ |
| | ( ခ ) ဘဏ်များ | ၄၁ | - |
| | ( ဂ ) စတိုးဆိုင်နှင့်အရောင်းဆိုင်များ | ၄၁ | ၄၂ |
| ၃၅။ | **စည်ပင်သာယာရေးလုပ်ငန်းများ** | | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (က)စျေးလုပ်ငန်း | ၄၂ | - |
| | ( ခ )သောက်သုံးရေရရှိရေးလုပ်ငန်း | ၄၃ | - |
| | ( ဂ )သန့်ရှင်းရေးလုပ်ငန်း | ၄၃ | - |
| | (ဃ )လမ်း၊တံတားလုပ်ငန်း | ၄၄ | - |
| ၃၆။ | **ပို့နိုပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ** | | |
| | (က) ပို့နိုပ်လုပ်ငန်းနှင့် တေးသံသွင်း၊ ဗွီဒီယို | ၄၅ | - |
| | (ခ) မီဒီယာလုပ်ငန်းများ | ၄၅ | - |
| ၃၇။ | **ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဘိုး** | ၄၆ | - |
| ၃၈။ | **လူတစ်ဦးချင်းဝင်ငွေ** | ၄၆ | - |
| ၃၉။ | **အသက်မွေးဝမ်းကြောင်းလုပ်ငန်းအလိုက် အလုပ်လုပ် သူဦးရေ** | ၄၆ | - |
| ၄၀။ | **အလုပ်လုပ်နိုင်သူဦးရေနှင့် အလုပ်လက်မဲ့ဦးရေ** | ၄၇ | - |
| | **အခန်း(၇)**<br>**လူမှုရေးဆိုင်ရာ အချက်အလက်များ** | | |
| ၄၁။ | **ပညာရေးကဏ္ဍ** | | |
| | (က) အဆင့်မြင့်ပညာ | ၄၇ | - |
| | ( ခ) အခြေခံပညာ | ၄၇ | ၄၈ |
| | (ဂ) မူလတန်းကြိုကျောင်း | ၄၈ | - |
| | (ဃ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း | ၄၉ | - |
| | (င) ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံမှု | ၄၉ | - |
| | (စ) တက္ကသိုလ်ဝင်တန်းအောင်မြင်မှု | ၄၉ | - |
| | (ဆ) စာတတ်မြောက်မှု ရာခိုင်နှုန်း | ၄၉ | - |
| | (ဇ) သင်ကြားမှုသင်ယူမှုအထောက်အကူ ပြုစာသင်ခန်းများဖွင့်လှစ်နိုင်မှု | ၅၀ | - |
| | (ဈ) စာကြည့်တိုက်များဖွင့်လှစ်နိုင်မှု | ၅၁ | - |
| ၄၂။ | **ကျန်းမာရေးကဏ္ဍ** | | |
| | ( က) ဆေးရုံများ | ၅၁ | - |
| | ( ခ) ဆေးပေးခန်းများ | ၅၁ | - |
| | (ဂ) ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ | ၅၁ | ၅၂ |
| | (ဃ) ကျန်းမာရေးစောင့်ရှောက်မှု | ၅၂ | - |
| | (င) ဒေသတွင်း အများဆုံးဖြစ်တတ်သော ရောဂါများ | ၅၂ | - |
| | ( စ) HIV/ AIDS-ရောဂါ ဖြစ်ပွား/ သေဆုံးဦးရေ | ၅၂ | - |
| | ( ဆ) ကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများ | ၅၂ | - |
| ၄၃။ | **လူမှုရေးအသင်းအဖွဲ့များ** | | |

| စဉ် | အကြောင်းအရာ | စာမျက် နှာ | |
|---|---|---|---|
| | | မှ | ထိ |
| | (က) INGO | ၅၃ | - |
| | (ခ) NGO (ဦးရေ) | ၅၃ | - |
| | (ဂ) အသင်းအဖွဲ့များ | ၅၄ | - |
| ၄၄။ | **အားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများ** | ၅၄ | - |
| | **အခန်း(၈)**<br>**ဘာသာရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၅။ | **ဗုဒ္ဓဘာသာဆိုင်ရာအဆောက်အဦများနှင့်သာသနာဝင်ပုဂ္ဂိုလ်များ** | | |
| | (က) သာသနိကအဆောက်အဦများ | ၅၅ | - |
| | (ခ) ရဟန်းသံဃာနှင့်သီလရှင်များ | ၅၅ | - |
| | (ဂ) ထင်ရှားသည့်ဘုရား၊စေတီ၊ပုထိုးများ | ၅၅ | - |
| | (ဃ) ထင်ရှားသည့်ဘုန်းတော်ကြီးကျောင်းများ | ၅၆ | - |
| ၄၆။ | အခြားဘာသာရေးအဆောက်အဦများ | ၅၆ | - |
| ၄၇။ | **သမိုင်းဝင်ထင်ရှားသောအဆောက်အဦနှင့်နေရာများ** | ၅၆ | - |
| | **အခန်း(၉)**<br>**ဒေသဖွံ့ဖြိုးရေးဆိုင်ရာအချက်အလက်များ** | | |
| ၄၈။ | ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေ | | |
| | (က) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်သည့်လုပ်ငန်းများ | ၅၇ | ၅၈ |
| | (ခ) အစိုးရနှင့်ပြည်သူဆောင်ရွက်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ | ၅၈ | - |
| ၄၉။ | မြို့ပြစီမံကိန်း(TownPlan)နှစ် (၃၀) အတွက် မြေအသုံးချမှုဆိုင်ရာလျာထားမှု | ၅၈ | - |
| | **အခန်း(၁၀)**<br>**အထွေထွေ** | | |
| ၅၀။ | **အခြားတင်ပြလိုသောအချက်များ** | ၅၉ | - |
| ၅၁။ | နိဂုံး | ၅၉ | - |


လောက်ကိုင်မြို့နယ်အခြေပြမြေပုံ
မ
ကုန်းကြမ်းမြို့နယ်
တရုတ်ပြည်သူ့သမ္မတနိုင်ငံ
ကွတ်ခိုင်မြို့နယ်
ကွမ်းလုံမြို့နယ်
မန်လော်
တာရှေထန်
ထင်ပါကျိုး
လောက်ကိုင်မြို့
ကြာနီရှူး
ရှေ့ယင်စီး
မန်တုံပါး
တောက်ရှေ
လုံထန်
သံ
လွင်
မြစ်
BP-115
BP-116
BP-117
BP-118
BP-119
BP-120
BP-121
BP-122
BP-123
BP-124
BP-125
BP-126
BP-127
BP-128
BP-129
BP-130
BP-131
BP-132
BP-133
BP-134
BP-135
BP-136
BP-137
BP-138
BP-139
BP-141
BP-142
BP-143
BP-144
BP-144/1
BP-144/2
BP-144/3
BP-144/4
BP-145/1
မြေပုံအညွှန်း
မြို့
ကျေးရွာအုပ်စု
ကျေးရွာ
အုပ်စုခြား
နိုင်ငံနယ်နိမိတ်
ဘုရား/စေတီ
ကတ္တရာလမ်း
ကျောက်ချောလမ်း
မြစ်/ချောင်း
ချင်းရွှေဟော်မြို့


လောက်ကိုင်မြို့ အကွက်ချမြေပုံ
မြောက်
မန်ခါးကျေးရွာ
ကျူဖန်ကျေးရွာ
အမှတ်(၃၂၂)တပ်
နားလီကျေးရွာ
ရပ်ကွက်(၃)
ရပ်ကွက်(၂)
ရပ်ကွက်(၁)
ရည်ညွှန်းချက်
မြို့နယ်နိမိတ်
ရပ်ကွက်နယ်နိမိတ်
ချောင်း/ကန်
ကတ္တရာလမ်း
ကွန်ကရစ်လမ်း
ကျောက်လမ်း
မြေသားလမ်း
တံတား

# အခန်း(၁)

# လောက်ကိုင်မြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ

## နိဒါန်းနှင့်ဒေသသမိုင်း

### နိဒါန်း

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနအောက်ရှိဌာနဖြစ်ပြီး တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်း သာယာရေးနိုင်ငံတော်အစိုးရ၏မူဝါဒများအကောင်အထည်ဖော်ရေး၊ ကောင်းမွန် သောအုပ်ချုပ်ရေးစနစ်ဖော်ဆောင်ရေးနှင့် ပြည်သူဗဟိုပြုဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေးဟူသော ရည်မှန်းချက်တာဝန်များကိုအောင်မြင်အောင် ဆောင်ရွက်လျက်ရှိပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ကြသည့် အဆင့်ဆင့်သော အရာထမ်း၊ အမှုထမ်းများသည် ရုံးချုပ်အဆင့်မှအောက်ခြေရပ်ကွက်/ကျေးရွာအုပ်စုအဆင့်အထိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရပြီး နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားချောမွေ့စွာလည်ပတ်ရေးတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ဝန်ကြီးဌာန၏ရည်မှန်းချက် တာဝန်များအခြားဝန်ကြီးဌာနမှ ပေးအပ်သောတာဝန်များနှင့် ဒေသန္တရအစိုးရအဖွဲ့များမှပေးအပ်သော လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြရသည်ဖြစ်ရာဒေသဆိုင်ရာအချက်အလက်များပြုစုထားရှိခြင်းသည်များစွာအရေးပါလာပါသည်။ ဒေသဆိုင်ရာအချက်အလက်များပြုစုခြင်းဖြင့် မိမိတို့၏လုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုသကဲ့သို့အကြီးအကဲများ နယ်မြေသို့ ကွင်းဆင်းရာတွင်နယ်မြေ၏အချက်အလက်များကိုလွယ်ကူစွာသိရှိနိုင်မည်ဖြစ်ပါသည်။ ဤစာအုပ်သည် လောက်ကိုင်မြို့နယ်၏ဒေသဆိုင်ရာ အချက်အလက်များ (၂၀၁၉ ခုနှစ်၊ဒီဇင်ဘာလကုန်ထိအခြေအနေ)ကို သက်ဆိုင်ရာ ဌာနအသီးသီးမှ ပေးပို့သောကိန်းဂဏန်းများနှင့်အညီ ပြုစုတင်ပြထားခြင်းဖြစ်ပါသည်။

### ဒေသသမိုင်းအကျဉ်း

၂။ ကိုးကန့်တိုင်းရင်းသားလူမျိုးသည်ရှမ်းပြည်နယ်(မြောက်ပိုင်း)သံလွင်ဦးဖျား ဒေသတွင်နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုတစ်စုဖြစ်ပါသည်။ ကိုးကန့်ဟူသောစကားလုံး၏ အဓိပ္ပါယ်မှာကိုးသည် **"ပြတ်သားမှု"** ဖြစ်ပြီးကန့်မှာ **"ရဲရင့်ခြင်း"**ကိုဆိုလိုပါသည်။ ပေါင်းစပ်လိုက်ပါက**"ပြတ်သားရဲရင့်သောလူမျိုး"**ဟု အဓိပ္ပါယ်ရပါသည်။ **"ကိုးကန့်"**ကိုရှမ်းဘာသာဖြင့် အဓိပ္ပါယ်ဖွင့်ဆိုပါက **"ကောက်ကန့်"**ဖြစ်ပါသည်။ ကောက်မှာ **"ကိုး"**ဖြစ်ပြီး၊ ကန့်မှာ**"အုပ်ချုပ်သူအကြီးအကဲ"** ဖြစ်ပါသည်။ အဓိပ္ပါယ်မှာ**"သူကြီးကိုးဦး"** အုပ်ချုပ်သောနယ်ဖြစ်ပါသည်။ ကိုးကန့်ဒေသကို မာလီပါးဟုခေါ်ကြပါသည်။ မာလီရှုးပင်များပေါက်ရောက်နေသောလွင်ပြင်ဟုအဓိပ္ပါယ်ရပါသည်။ကိုးကန့်လူမျိုးအများစု သည်ရှေးတရုတ်အတွေးအခေါ်ပညာရှင်ကွန်ဖြူးရှပ်နှင့်လောင်ကြီးအတွေးအခေါ်များကိုကျင့်သုံးသူများဖြစ်ကြသည်။ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုသည် တရုတ်စာပေနှင့်ယဉ်ကျေးမှုကိုအခြေခံထားကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ သို့သော်အချို့အစိတ်အပိုင်းတွင် တရုတ်ယဉ်ကျေးမှုနှင့်ကွဲလွဲမှုများရှိပါသည်။ ကိုးကန့်လူမျိုးစတည်လာသည်မှာ နှစ်ပေါင်း(၃၀၀)ကျော်ရှိပြီဖြစ်ကြောင်းမြန်မာ့သမိုင်းတွင်လေ့လာတွေ့ရှိရပါသည်။ လက်ရှိကိုးကန့်တိုင်းရင်းသားများဖြစ်ကြသော ဟန်မိသားစု၊ ယန်မိသားစု၊ လော်မိသားစု၊ ဖုန်မိသားစုနှင့် ချင်မိသားစုများ၏အမျိုးအနွယ်များ ဆက်လက်နေထိုင် လာကြကြောင်းတွေ့ရှိရပါသည်။

ကိုးကန့်ဒေသသည် မြန်မာဘုရင်လက်ထက်၊ လက်အောက်ခံ ပဒေသရာဇ်စော်ဘွားများလက်ထက်နှင့် အင်္ဂလိပ်အစိုးရတို့မှ အုပ်ချုပ်စဉ်ကာလအတွင်း တိုက်ရိုက်အုပ်ချုပ်ခွင့်ကို ကိုးကန့်စော်ဘွားများ အနေနှင့် ရရှိခဲ့ခြင်းမရှိခဲ့ပါ။ ၁၈၈၆ ခုနှစ်တွင် အင်္ဂလိပ်တို့က မြန်မာနိုင်ငံအား သိမ်းပိုက်စဉ် ကိုးကန့်ဒေသသည်

သိန်းနီစော်ဘွားလက်အောက်ခံဖြစ်ပြီး ၁၈၈၆ခုနှစ်၊ဇူလိုင်လ(၂၄)ရက်နေ့တွင်တရုတ်နိုင်ငံ၊ ပီကင်းမြို့တော်တွင် ချုပ်ဆိုသည့် အင်္ဂလိပ်–တရုတ်သဘောတူစာချုပ်အရ ဗြိတိသျှပိုင် မြန်မာပြည်နှင့်တရုတ်ပြည်တို့ နယ်နိမိတ်သတ်မှတ်ရန် သဘောတူခဲ့ပြီး ၁၈၉၄ခုနှစ်၊ မတ်လ(၁)ရက်နေ့တွင်လန်ဒန်မြို့၌ နယ်နိမိတ်စာချုပ်ကိုချုပ်ဆိုခဲ့ကြောင်း တရုတ်သည် ၁၈၉၄ခုနှစ်၊ စာချုပ်ကိုဖောက်ဖျက်သည်ဟုအစိုးရမှအကြောင်းပြပြီး ၁၈၉၄ခုနှစ်နယ်နိမိတ်စာချုပ်သစ်ကိုပြင်ဆင်၍ ၁၈၉၇ခုနှစ်တွင်နယ်နိမိတ်စာချုပ်သစ်ကို တရုတ်နှင့်ထပ်မံချုပ်ဆိုရာမှ ကိုးကန့်ဒေသအား မြန်မာပိုင်နယ်မြေအဖြစ် ဆောင်ရွက်ခဲ့ကြောင်း ၁၈၉၉ခုနှစ်အထိ တရုတ်–မြန်မာနယ်နိမိတ်ဖြစ်ကြောင်း သတ်မှတ်ရေးအဖွဲ့သည်၁၈၉၇ခုနှစ်စာချုပ်အတိုင်းသတ်မှတ်ခဲ့ကြောင်း၊ ၁၉၆၀ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ နယ်နိမိတ်သတ်မှတ်ရေးစာချုပ်အရကိုးကန့်နယ်မြေသည် မြန်မာနိုင်ငံအတွင်း**“ယန်”**စစ်သူကြီးမျိုးရိုးမှအစဉ်တစိုက်နယ်စဉ်၊ စော်ဘွားအုပ်ချုပ်သူများအဖြစ်အုပ်ချုပ်ထားခဲ့ပြီး အင်္ဂလိပ်အစိုးရလက်ထက်တွင် ကိုးကန့်ဒေသအား နယ်ခြားဒေသအုပ်ချုပ်ရေး စနစ်ဖြင့်စိတ်တိုင်းကျ အုပ်ချုပ်ခွင့်ပေးထားပြီး ကာကွယ်ရေး၊ ဘဏ္ဍာရေးနှင့် နိုင်ငံခြားဆက်သွယ်ရေးကိုသာ အင်္ဂလိပ်အစိုးရမှ ချုပ်ကိုင်ထားကြောင်း သိရှိရပါသည်။ ကိုးကန့်ဒေသသည် ဘိန်းစိုက်ပျိုးရန် အတွက် ရေ၊ မြေ၊ ရာသီဥတုတို့ ကိုက်ညီမှုရှိသည့်အတွက် ၁၈၉၅ ခုနှစ်ခန့်မှ စတင်၍ ဘိန်းစိုက်ပျိုးစေခဲ့ရာမှ ဒေသခံများမှာမူးယစ်ဆေးဝါး၏ ကျေးကျွန်ဘဝသို့ရောက်ခဲ့ရပါသည်။ ကိုးကန့်ဒေသကို ကိုးကန့်စော်ဘွားများအုပ်ချုပ်စဉ်ကာလတွင် လောက်ကိုင်မြို့မှအိမ်ခြေ(၂၀)ခန့်သာရှိသော **“ကျင်းယွီထန်”** ဟုအမည်ရသည့် ကိုးကန့်ရွာငယ်လေးတစ်ခုသာဖြစ်ပါသည်။ ကိုးကန့်စော်ဘွား **“ယန်ကျင့်ဆိုင်”**မှ လောက်ကိုင်တွင် (၅)ရက်တစ်ပတ်ဈေးနေ့သတ်မှတ်ပေးခဲ့သဖြင့်စည်ကားမှုစတင်ဖြစ်ပေါ်ခဲ့ပါသည်။ ၁၉၅၈ ခုနှစ်တွင် ကိုးကန့်စော်ဘွား**“ယန်ကျင့်ဆိုင်”**အာဏာစွန့်လွှတ်ခဲ့ပြီး နောက်ပိုင်းတွင်ကိုးကန့်ဒေသကို ကိုးကန့်ကောင်စီအဖြစ်ဖွဲ့စည်းအုပ်ချုပ်ခဲ့ပြီး**ယန်ကျင့်ရှိန်း(ဂျင်မီရန်း)**မှ ဥက္ကဋ္ဌတာဝန်ရယူခဲ့ပါသည်။ ကိုးကန့်ကောင်စီသည်တရုတ်ဖြူ ဘိန်းကုန်ကူးအဖွဲ့(ယိုးဒယား)ရှိ မဟာဒေဝီအဖွဲ့တို့နှင့်ဆက်သွယ်၍ ဘိန်းများသယ်ဆောင်ခိုးထုတ်ခဲ့သဖြင့် တပ်မတော်မှ လိုက်လံတိုက်ခိုက်ဖမ်းဆီးခဲ့ရာ **ယန်ကျင့်ရှိန်(ဂျင်မီရန်း)**မှာတောခိုသွားခဲ့ပြီး ၁၉၆၀ပြည့်နှစ်တွင်ကိုးကန့်ကောင်စီ ပျက်ပြားသွားခဲ့ရပါသည်။ အိမ်စောင့်အစိုးရလက်ထက်တွင် ကိုးကန့်ဒေသကိုနယ်ခြားဒေသအုပ်ချုပ်ရေးစနစ်ဖြင့်ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

ငင်းနောက်ပိုင်းတွင် **“ဦးလော်စစ်ဟန်”**ခေါင်းဆောင်သော ကိုးကန့်လူငယ်အဖွဲ့ကို ဖွဲ့စည်းပြီး ကိုးကန့်ကာကွယ်ရေးတပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၆၉ ခုနှစ်တွင် ကိုးကန့်ကာကွယ်ရေးခေါင်းဆောင် **“ဦးလော်စစ်ဟန်”**သည် စဥ့်ကိုင်ရွာကို**(ဗကပ)**ရန်မှ ကင်းဝေးစေရန်အတွက်ပြောင်းရွှေ့စေခဲ့ရာ ကျေးရွာသားများကမပြောင်းရွှေ့ကြသဖြင့် ဦးလော်စစ်ဟန်၏အမိန့်အရဒုတိယခေါင်းဆောင်ယန်ကျင်းယွဲ့မှ မီးရှို့ဖျက်ဆီးခဲ့ပါသည်။(ဗကပ)များဝင်ရောက်လာသောအခါ မီးလောင်ပြင်ဖြစ်နေသည့် စဥ့်ကိုင်ရွာကိုစည်ကားအောင်ပြုလုပ်နိုင်ခြင်းမရှိသဖြင့် လောက်ကိုင်မြို့ကို ပြန်လည်စည်ကားအောင် ဆောင်ရွက်သော်လည်း ထူးခြားစွာတိုးတက်ပြောင်းလဲမှုများမရှိခဲ့ပါ။ (ဗကပ)များ၏ အုပ်ချုပ်မှုအောက် ပြည်တော်သာစီမံကိန်းကာလမှ တည်ဆောက်ပေးခဲ့သော လမ်း၊ တံတား၊ ဆေးပေးခန်း၊ စာသင်ကျောင်းများပင်ပျက်စီးခဲ့ကြောင်း လောက်ကိုင်ဒေသကို(ဗကပ)များ စိုးမိုးထားခဲ့စဉ်ပါတီအတွင်းသဘောထား ကွဲလွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း **“ဦးဖုန်ကြားရှင်”**ဦးဆောင်သော ထုံမှုံကျွမ်း(ခေါ်)ကိုးကန့်တပ်ပေါင်းစုအဖွဲ့သည် ၁၉၈၉ ခုနှစ်၊ မတ်လ(၁၂)ရက်နေ့တွင် (ဗကပ)များထံမှ ခွဲထွက်ခဲ့ပြီးနောက် ၁၉၈၉ ခုနှစ်၊ မတ်လ(၁၁)ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နိုင်ငံတော်အစိုးရနှင့် အပစ်အခတ်ရပ်စဲပြီးလက်နက်နှင့်

ငြိမ်းချမ်းရေးရယူခဲ့ပါသည်။ နိုင်ငံတော်အစိုးရမှ သံလွင်မြစ်အရှေ့ခြမ်း၊ လောက်ကိုင်ဒေသကို အထူးဒေသ (၁)ကိုးကန့်ဒေသဟု သတ်မှတ်ပေးပြီး နိုင်ငံတော်အစိုးရ၏ပံ့ပိုးကူညီမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုအထူးဒေသ(၁)ခေါင်းဆောင် **ဦးဖုန်ကြားရှင်**နှင့် **ဦးဖုန်ကြာဖူး**တို့ဦးစီး၍ လုပ်ဆောင်ခဲ့ချိန်တွင် ကိုးကန့်အုပ်ချုပ်ရေးအဖွဲ့အတွင်း၌နေ့စဉ်ဘိန်းကိစ္စများနှင့် ပတ်သက်၍**ဦးဖုန်ကြားရှင်**အဖွဲ့နှင့် **ဦးယန်မိုးလျှံ**အဖွဲ့တို့အချင်းချင်း သဘောထားကွဲလွဲမှု ပြဿနာများရှိပြီး (၂၉.၁၁.၁၉၉၂)ရက်နေ့မှ (၈.၂.၁၉၉၃)ရက်နေ့အထိ ကိုးကန့်ဒေသတွင်တိုက်ပွဲများဖြစ်ခဲ့ပြီးနောက် **ဦးယန်မိုးလျှံ** ဦးဆောင်သောအဖွဲ့မှအနိုင်ရရှိခဲ့ပြီး ကိုးကန့်ဒေသအား အုပ်ချုပ်ခဲ့ပါသည်။ **ဦးယန်မိုးလျှံ**သည် **ဦးဖုန်ကြားရှင်**အဖွဲ့အား တိုက်ခိုက်ရာတွင် အထူးဒေသ(၂)ရှိ **“ဝ”**တပ်ဖွဲ့၏ အကူအညီဖြင့် တိုက်ခိုက်အနိုင်ရရှိခဲ့ရာ၎င်းတို့အုပ်ချုပ်စဉ်ကာလတွင် အထူးဒေသ(၁)၏ ဖွဲ့စည်းပုံ၌အထူးဒေသ(၂)မှ**“ဝ”**ခေါင်းဆောင်အချို့အား ကိုးကန့်တပ်ဖွဲ့တွင် ပါဝင်ဖွဲ့စည်းခဲ့ရာမှ သံလွင်အရှေ့ခြမ်းကိုးကန့်နယ်မြေတွင်**“ဝ”**တပ်ဖွဲ့ဝင်များရောက်ရှိနေထိုင်ခဲ့ပါသည်။**ဦးယန်မိုးလျှံ**အဖွဲ့မှအုပ်ချုပ်နေစဉ်အထူးဒေသ(၁)တွင်ပါဝင်သော **မုံးကိုး**ဒေသရှိ ကချင်ဒေသခံများမှကျေနပ်မှုမရှိသဖြင့်**မုံဆာလ**နှင့် **လီညီမင်း**တို့ ဦးဆောင်သည့်အဖွဲ့မှ (၁.၈.၁၉၉၅)တွင်ကိုးကန့်အုပ်ချုပ်မှုအောက်မှ ခွဲထွက်ခဲ့ကြကြောင်း **ဦးယန်မိုးလျှံ**အဖွဲ့မှ ကိုးကန့်ဒေသမှခွဲထွက်သွားသည့် **မုံဆာလ**နှင့် **လီညီမင်း**တို့အဖွဲ့အား တိုက်ခိုက်မှုပြုနေစဉ်အခွင့်ကောင်းယူပြီး ယခင်က**ဦးယန်မိုးလျှံ**အဖွဲ့အား ရှုံးနိမ့်ခဲ့သူ **ဦးဖုန်ကြားရှင်**အဖွဲ့သည်**“ဝ”**တပ်ဖွဲ့၏ အကူအညီကိုရယူ၍ကိုးကန့်ဒေသကိုပြန်လည်အုပ်ချုပ်နိုင်ရန် **ဦးယန်မိုးလျှံ**အဖွဲ့အား တိုက်ခိုက်ခဲ့သည်။ ကိုးကန့်ဒေသအတွင်း **ဦးဖုန်ကြားရှင်**နှင့် **ဦးယန်မိုးလျှံ**တို့ ဒုတိယအကြိမ်ပြဿနာများ ဖြစ်ပွားပြီးနောက်ပိုင်းတွင် နိုင်ငံတော်အစိုးရမှကြားဝင် စေ့စပ်ဆောင်ရွက်ပေးခဲ့သဖြင့် (၂၃.၁၁.၉၅)ရက်နေ့တွင် **ဦးယန်မိုးလျှံ**အဖွဲ့သည် ၎င်းတို့ပိုင်ဆိုင်သော လက်နက်ခဲယမ်းများအား နိုင်ငံတော်အစိုးရထံလွှဲပြောင်းအပ်နှံပြီး အလင်းဝင်ရောက်မှုပြုခဲ့ပါသည်။ ဒေသခံပြည်သူများမှာလည်း၎င်းတို့အချင်းချင်းအာဏာ လုတိုက်ပွဲများကြောင့် တစ်ဖက်တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရအနေမှ (၂၉.၉.၁၉၉၅)ရက်နေ့တွင်ခရိုင်နှင့်မြို့နယ်များကို ဖွဲ့စည်းပေးခဲ့ပြီးအချိန်တွင် နယ်မြေဒေသလိုအပ်ချက်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ညွှန်ကြားချက်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ညွှန်ကြားချက်အရတပ်မတော်မှကိုယ်စားလှယ်(၅)ဦး၊ ဦးဖုန်ကြားရှင်အဖွဲ့မှ ကိုယ်စားလှယ်(၅)ဦး၊ ဒေသခံကိုယ်စားလှယ်(၅)ဦး စုစုပေါင်း ကိုယ်စားလှယ်(၁၅)ဦး ပါဝင်သော ခရိုင်/မြို့နယ်စည်းရုံးရေးနှင့်အုပ်ချုပ်ရေးအဖွဲ့များကို ဖွဲ့စည်းပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းရုံးရေး၊တရားဥပဒေစိုးမိုးရေး နှင့်အုပ်ချုပ်ရေးတို့ကိုတာဝန် ပေးအပ်ဆောင်ရွက်ခဲ့ပါသည်။(၇.၁၁.၂၀၀၁)ရက်နေ့တွင် ခရိုင်/မြို့နယ်စည်းရုံးရေးနှင့်အုပ်ချုပ်ရေးအဖွဲ့များကို ခရိုင်/မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟု ပြောင်းလဲခေါ်ဝေါ်ဖွဲ့စည်း၍ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

သို့ရာတွင်ကိုးကန့်အထူးဒေသ(၁) ခေါင်းဆောင်ဟောင်း ဦးဖုန်ကြားရှင်သည် ပြည်ပတရုတ်နိုင်ငံသားပညာရှင်များနှင့်ပူးပေါင်း၍ လက်နက်မှောင်ခိုရောင်းဝယ်မှု၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုလုပ်ငန်းများလုပ်ကိုင်နေကြောင်း၊ အိမ်နီးချင်းတရုတ်နိုင်ငံ၏ သတင်းချပြချက်အရ (၈-၈-၂၀၀၉)ရက်နေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ လက်နက်စက်ရုံကို ဝင်ရောက်သိမ်းဆည်း၍ စက်ရုံနှင့်ပတ်သက်သော ဖုန်ကြားရှင်၊ ဖုန်ကြာဖူး၊ ဖုန်တာရွှင်နှင့် ဖုန်တာလီတို့လေးဦးအား ဥပဒေနှင့်အညီလာရောက် ဖြေရှင်းရန်ညှိနှိုင်း ခေါ်ယူသော်လည်းလာရောက်မှုမရှိဘဲ ကိုးကန့်ဒေသမှထွက်ပြေးတိမ်းရှောင်ခဲ့ခြင်း၊ ရန်လုံကျိုင်း တရုတ်-မြန်မာနှစ်နိုင်ငံနယ်စပ်တွင် တာဝန်ထမ်းဆောင်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း၊ လုံခြုံရေး

တပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်ခြင်းတို့ကြောင့် (၂၇.၈.၂၀၀၉) ရက်နေ့မှ (၂၉.၈.၂၀၀၉) ရက်နေ့အထိ ဦးဖုန်ကြားရှင်သစ္စာခံတပ်ဖွဲ့ဝင်များအားတပ်မတော်မှရှင်းလင်းဖယ်ရှားခဲ့ပြီးငင်းတို့၏ဌာနချုပ်ကိုပါသိမ်းပိုက် နိုင်ခဲ့ပါသည်။ နိုင်ငံတော်နှင့်ပူးပေါင်းခဲ့သည့် ဦးပယ်စောက်ချိန်သည် ကိုးကန့်ယာယီဦးစီးကော်မတီကို ဖွဲ့စည်း၍ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်ပြီး ကိုးကန့်ဒေသကို တည်ငြိမ်အောင် ထိန်းထားနိုင်ခဲ့ပါသည်။ ဦးပယ်စောက်ချိန်(ခ) ဘစော်ချိန်သည် ၂၀၁၀ခုနှစ်တွင် ကျင်းပ သည့်ရွေးကောက်ပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် လောက်ကိုင်မဲဆန္ဒနယ်အမှတ်-၁တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အနိုင်ရရှိခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့ကိုဖွဲ့စည်း၍ (၃၀-၃-၂၀၁၁) ရက်နေ့တွင် အုပ်ချုပ်ရေးအာဏာလွှဲပြောင်း/လက်ခံဆောင်ရွက်ခဲ့ပြီး ဒေသ၏အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအား ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့်ခရိုင်/ မြို့နယ်/မြို့နယ်ခွဲ/ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေး၍ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင်တွင် (၉-၂-၂၀၁၅) ရက်နေ့မှစတင်၍MNDAA သောင်းကျန်းသူများ၏ ဝင်ရောက်တိုက်ခိုက်မှုများကြောင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ တည်ငြိမ်အေးချမ်းမှုပျက်ပြားလာခဲ့သဖြင့် ပြည်သူများ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းစွာ နေထိုင်နိုင်ရေး အတွက် ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ(၁၇)ရက်တွင် နိုင်ငံတော်အစိုးရမှ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့် အမှတ်(၁/၂၀၁၅)ဖြင့် အရေးပေါ်အခြေအနေကြေညာပြီး၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်အမှတ်(၂/၂၀၁၅)ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ရှမ်းပြည်နယ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေးတို့သည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည့်အတွက် (၁၇-၁၁-၂၀၁၅) ရက်နေ့မှစ၍ ထုတ်ပြန်ထားသည့်စစ်အုပ်ချုပ်ရေးအမိန့်ကိုရုပ်သိမ်းကြောင်း ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးမှဥပဒေကဲ့သို့ အာဏာတည်သောအမိန့်အမှတ်၊ ၇/၂၀၁၅ဖြင့် ထုတ်ပြန် ကြေညာခဲ့ပါသည်။

ဦးကျောက်တယ်ချန်သည် ၂၀၁၅ခုနှစ်တွင် ကျင်းပသည့်ရွေးကောက်ပွဲတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုယ်စားပြု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကုန်းကြမ်းမြို့မဲဆန္ဒနယ် (အမှတ်-၂)တွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာအနိုင်ရရှိခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ကိုဖွဲ့စည်း၍ (၈-၄-၂၀၁၆) ရက်နေ့တွင် အုပ်ချုပ်ရေးအာဏာ လွှဲပြောင်း/လက်ခံ ဆောင်ရွက်ခဲ့ပြီး ဒေသ၏အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအား ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျှက်ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ ကြီးကြပ်မှုဖြင့်ခရိုင်/ မြို့နယ်/ မြို့/ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ခန့်အပ်တာဝန်ပေး၍ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊လောက်ကိုင်ခရိုင်တွင် (၆-၃-၂၀၁၇)ရက်နေ့မှ စတင်၍ MNDAA သောင်းကျန်းသူများ၏ ထပ်မံဝင်ရောက်တိုက်ခိုက်မှုများကြောင့် ပြည်သူများ၏ လုံခြုံရေးနှင့်တည်ငြိမ် အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် ၂၀၁၇ခုနှစ်၊ မတ်လ(၉)ရက်တွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ အမိန့်အမှတ်(၂/၂၀၁၇)ဖြင့်လည်းကောင်း၊ ၂၀၁၇ခုနှစ်၊ မေလ(၂၉)ရက်တွင် အမိန့်အမှတ်(၃/ ၂၀၁၇)ဖြင့် ည၇နာရီမှနံနက်၅နာရီအထိလည်းကောင်း၊ ၂၀၁၉ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ(၁၄၄) တားမြစ်အမိန့်အမှတ်(၂/၂၀၁၉)ဖြင့်လည်းကောင်း၊ ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ

(၁၁)ရက်နေ့တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ(၁၄၄)တားမြစ်အမိန့်အမှတ်(၆/၂၀၁၉)ဖြင့် ည၉ နာရီမှ နံနက်၅နာရီအထိလည်းကောင်း ခွင့်ပြုချက်မရှိဘဲ မည်သူတဦးတယောက်မှ ညမထွက်ရအမိန့်ကို ထုတ်ပြန်ကြေညာခဲ့ပါသည်။

## အခန်း(၂)
## ပထဝီဝင် အနေအထား

### တည်နေရာနှင့်အကျယ်အဝန်း

၃။ လောက်ကိုင်မြို့နယ်သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင်တည်ရှိ၍ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင်တည်ရှိပါသည်။ လောက်ကိုင်မြို့နယ်သည် မြောက်လတ္တီတွဒ် ၂၃ ဒီဂရီ ၂၃မိနစ်နှင့် ၂၄ ဒီဂရီ ၁၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၂၅မိနစ် နှင့် ၉၈ ဒီဂရီ ၅၀မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၃၁၆.၉၆ စတုရန်းမိုင်ကျယ်ဝန်းပါသည်။ အရှေ့မှအနောက်သို့ (၁၃)မိုင်ရှိပြီး တောင်မှမြောက်သို့ (၂၃)မိုင်ရှည်လျားပါသည်။

၁၁။ ချင်းရွှေဟော်မြို့သည် မြန်မာနိုင်ငံ၏ အရှေ့ဘက်တွင်တည်ရှိ၍ ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် တည်ရှိပါသည်။ ချင်းရွှေဟော်မြို့သည် မြောက်လတ္တီတွဒ် ၂၃ဒီဂရီ ၂၃မိနစ် နှင့် ၂၄ဒီဂရီ ၁၀ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ ၂၅မိနစ်နှင့် ၉၈ဒီဂရီ ၅၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ ၀.၃ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့မှ အနောက်သို့ (၄) မိုင်ရှိပြီး တောင်မှမြောက်သို့ (၂)မိုင်ရှည်လျားပါသည်။ လောက်ကိုင်မြို့နယ်နှင့် ချင်းရွှေဟော်မြို့တို့၏ ဧရိယာစတုရန်းမိုင်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | မြို့နယ်/ မြို့ | မြို့ဧရိယာ စတုရန်းမိုင် | ကျေးရွာအုပ်စု ဧရိယာစတုရန်းမိုင် | မြို့နယ်ဧရိယာ စတုရန်းမိုင် |
|---|---|---|---|---|
| | **လောက်ကိုင်မြို့နယ်** | **၄.၂၃** | **၃၁၂.၄၃** | **၃၁၆.၆၇** |
| ၁ | ရပ်ကွက်(၁) | ၂.၂၀ | - | - |
| ၂ | ရပ်ကွက်(၂) | ၀.၆၉ | - | - |
| ၃ | ရပ်ကွက်(၃) | ၁.၃၄ | - | - |
| ၄ | ထင်ပါကျိုင်းအုပ်စု | - | ၄၂.၉၂ | - |
| ၅ | ရွှေယင်စီးအုပ်စု | - | ၈၄.၅၅ | - |
| ၆ | မန်တုံပါးအုပ်စု | - | ၄၈.၃၇ | - |
| ၇ | တာရွှေထန်အုပ်စု | - | ၄၆.၂၁ | - |
| ၈ | ကြာစီရှူးအုပ်စု | - | ၂၁.၀၃ | - |
| ၉ | မန်လော်အုပ်စု | - | ၃၉.၃၃ | - |
| ၁၀ | တောက်ရွှေအုပ်စု | - | ၁၇.၉၇ | - |
| ၁၁ | လုံထန်အုပ်စု | - | ၁၂.၀၅ | - |
| | **ချင်းရွှေဟော်မြို့** | **၀.၃** | - | - |
| ၁ | ရပ်ကွက်(၁) | ၀.၀၇ | - | - |
| ၂ | ရပ်ကွက်(၂) | ၀.၁၃ | - | - |
| ၃ | ရပ်ကွက်(၃) | ၀.၁၀ | - | - |
| | **မြို့နယ်ချုပ်** | **၄.၅၃** | **၃၁၂.၄၃** | **၃၁၆.၉၆** |

### နယ်နမိတ်

၄။ လောက်ကိုင်မြို့နယ်သည် အရှေ့ဘက်တွင်တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်လျက်ရှိပြီးထိစပ်မှုမှာ (၂၆)မိုင်ရှိပါသည်။ တောင်ဘက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကွမ်းလုံမြို့နယ်တို့နှင့် ထိစပ်လျက်ရှိပြီး ထိစပ်မှုမှာ (၁၀)မိုင်ရှိပါသည်။ အနောက်ဘက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ကွတ်ခိုင်မြို့နယ်နှင့်

ထိစပ်လျှက်ရှိပြီး(၄)မိုင်ထိစပ်လျှက်ရှိပါသည်။ မြောက်ဘက်တွင် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသရှိ ကုန်းကြမ်းမြို့နယ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့နှင့် ထိစပ်လျှက်ရှိပြီး (၁၂)မိုင်ထိစပ်လျက်ရှိပါသည်။

၁၃။ ချင်းရွှေဟော်မြို့သည်အရှေ့ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့်(၆) မိုင်ခန့်ထိ စပ်လျှက်ရှိပြီး တောင်ဘက်တွင်“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသဟိုပန်မြို့နယ်နှင့်(၁)မိုင်၊အနောက်ဘက်တွင်ကွမ်းလုံမြို့နယ်နှင့် (၇)မိုင်မြောက်ဘက်တွင် လောက်ကိုင်မြို့နယ်နှင့်(၇)မိုင်ခန့် နယ်နိမိတ်ချင်းထိစပ်လျှက်ရှိပါသည်။

## မြေမျက်နှာသွင်ပြင်

၅။ လောက်ကိုင်မြို့နယ်သည် တောင်ကုန်းတောင်တန်းများ၊ လျှိုမြောင်များ၊ ချောင်းများ ထူထပ်ပေါများပြီး မြေပြန့်ဟူ၍ မရှိသလောက် နည်းပါးသော ဒေသ ဖြစ်ပါသည်။ ဤဒေသသည် ပင်လယ်ရေမျက်နှာပြင် အထက်အမြင့်ပေ (၃၀၀၀) ကျော် ခန့်ရှိပါသည်။ တောင်တန်းများမှာ အမြင့်ပေ (၃၀၀၀)မှ (၅၀၀၀) ခန့်အထိ မြင့်မားပြီး အမြင့်ပေ (၈၃၁၇) ပေရှိ လီရင်ရှန်းတောင်မှာ အမြင့်ဆုံး ဖြစ်ပါသည်။ လောက်ကိုင် မြို့နယ်တွင် လောက်ကိုင်၊ ရန်လုံကျိုင်း၊ ပါစင်ကျော်၊ မန်တုံပါးနှင့် နမ့်ဟူးထန် ဒေသတို့မှာမြေပြန့်လွင်ပြင်အဖြစ် အနည်းငယ်သာရှိပြီး ကျန်ဒေသများမှာ တောင်ကုန်း၊ တောင်တန်းများသာ တည်ရှိပါသည်။

## ရေဆင်း

၆။ လောက်ကိုင်မြို့နယ်တွင် မြစ်ချောင်းများ နည်းပါးသည့်ဒေသတစ်ခုဖြစ်ပြီး သံလွင်မြစ်သည်မြောက်မှ တောင်သို့ စီးဆင်းလျှက်ရှိပြီး ရှောက်ကိုင်ချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းလျှက်ရှိပါသည်။ ချင်းရွှေဟော်မြို့တွင် နမ့်တိမ်ချောင်းသည် အရှေ့မှအနောက်သို့ စီးဆင်းလျှက်ရှိပြီး နမ့်ဖာဟော် ချောင်းသည် အနောက်မှအရှေ့သို့ စီးဆင်းလျှက်ရှိပါသည်။

## ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်

၇။ လောက်ကိုင်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက်ပျှမ်းမျှအမြင့်(၃၀၀၀)ပေ အထက်တွင် တည်ရှိပါသည်။ အမြင့်ဆုံးတောင်မှာလီရင်ရှန်းတောင်ဖြစ်၍ပင်လယ်ရေမျက်နှာပြင်အထက်(၈၃၁၇)ပေဖြစ်၍ လောက်ကိုင်မြို့နယ်၏ အနိမ့်ဆုံးအရပ်ဒေသမှာ (ချင်းရွှေဟော်မြို့) ဖြစ်ပါသည်။

## အခန်း(၃)

## ရာသီဥတုနှင့် သဘာဝပတ်ဝန်းကျင်

## ရာသီဥတု

၈။ နှစ်အလိုက်မိုးရေချိန်နှင့်အပူချိန်မှာအောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်းမိုးရေချိန် (လက်မ) | နွေရာသီ(.C) အမြင့်ဆုံး | ဆောင်းရာသီ(.C) အနိမ့်ဆုံး |
| ၁ | ၂၀၁၆ | ၁၁၉ | ၆၃.၅၀ | ၃၇ | ၅ |
| ၂ | ၂၀၁၇ | ၁၁၆ | ၅၇.၃၈ | ၃၅ | ၄ |
| ၃ | ၂၀၁၈ | ၁၁၁ | ၇၂.၄၄ | ၃၈ | ၅ |
| ၄ | ၂၀၁၉ | ၃၈ | ၁၃.၅၁ | ၃၄ | ၈ |

**သဘာဝပေါက်ပင်များ**

၉။ လောက်ကိုင်မြို့နယ်အတွင်း အပင်များပေါက်ရောက်မှုအနေဖြင့် သစ်နီ၊ ယမနေ၊ ရုံးနှော၊ ချယ်ရီငို၊ ကျောက်ယား၊ သစ်ယား၊ ဖန်ခါး၊ စစ်(ဝါ)သစ်ဖြူ၊ ဝါးဘိုးဝါး၊ ဝါးနွယ်၊ ကျသောင်းဝါး စသည်ဖြင့် ပေါက်ရောက်ပါသည်။

**တောရိုင်းတိရစ္ဆာန်များ**

၁၀။ လောက်ကိုင်မြို့နယ်တွင် တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်များမှာ နို့တိုက် သတ္တဝါ(၁၃)မျိုး၊ ငှက်မျိုး (၃၀)၊ တွားသွားသတ္တဝါ (၁၀)မျိုး၊ ကုန်းနေရေနေသတ္တဝါ (၇)မျိုးလေ့လာတွေ့ရှိရပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေနေ**

၁၁။ လောက်ကိုင်မြို့နယ်၏ သစ်တောဖုံးလွှမ်းမှု ဧရိယာစတုရန်းမိုင်ပေါင်း(၁၁၃.၆၉)ဖြစ်ပြီး စုစုပေါင်း မြေဧရိယာတွင် ပါဝင်မှု(၃၅.၈၇%)ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

၁၂။ အောက်ပါအတိုင်းဖြစ်ပါသည် -

**၂၀၁၉ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပြီးစီးမှုအခြေအနေ**

| စဉ် | အပင်အမျိုးအစား | အပင်အရေအတွက် |
|---|---|---|
| ၁ | ကျွန်း | ၅၀ |
| ၂ | ရေသင်းဝင် | ၁၀၀ |
| ၃ | မယ်ဇလီ | ၁၅၀ |
| ၄ | ယမနေ | ၁၀ |
| ၅ | သစ်လှ | ၁၀ |
| ၆ | ကံ့ကော် | ၁၀ |
| ၇ | ခရေ | ၂၀ |
| | **စုစုပေါင်း** | **၃၅၀** |

**သဘာဝဘေးအန္တရာယ်ကျရောက်မှု**

၁၃။ အစီရင်ခံသည့်ကာလအတွင်းတင်ပြရန်မရှိပါ။

## အခန်း(၄)
## လူဦးရေဆိုင်ရာအချက်အလက်များ

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးစုများ**

၁၄။ လောက်ကိုင်မြို့နယ်တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | လူမျိုး | နေထိုင်သည့်ဦးရေ | မြို့နယ်လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ကချင် | ၅၆၁ | ၇၅၅၅၅ | ၀.၇၄၂ |
| ၂ | ကယား | - | ၇၅၅၅၅ | - |
| ၃ | ကရင် | ၉၄ | ၇၅၅၅၅ | ၀.၁၂၄ |
| ၄ | ချင်း | ၈၅ | ၇၅၅၅၅ | ၀.၁၁၂ |
| ၅ | မွန် | ၆၀ | ၇၅၅၅၅ | ၀.၀၈၀ |
| ၆ | ဗမာ | ၉၆၂၆ | ၇၅၅၅၅ | ၁၂.၇၄၀ |
| ၇ | ရခိုင် | ၈၀ | ၇၅၅၅၅ | ၀.၁၀၆ |
| ၈ | ရှမ်း | ၈၇၅၄ | ၇၅၅၅၅ | ၁၁.၅၈၆ |
| ၉ | အခြား | ၅၆၂၉၅ | ၇၅၅၅၅ | ၇၄.၅၀၈ |
| | **မြို့နယ်ချုပ်** | **၇၅၅၅၅** | ၇၅၅၅၅ | **၁၀၀.၇၁၈** |

## အိမ်ခြေ၊ အိမ်ထောင်စု၊ လူဦးရေ

၁၅။ လောက်ကိုင်မြို့နယ်၏ ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလကုန်အထိ လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **အိမ်ခြေ/အိမ်ထောင်စု**

| စဉ် | မြို့နယ်/မြို့ | အိမ်ခြေ | အိမ်ထောင်စု | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|---|
| | လောက်ကိုင်မြို့နယ် | ၁၃၃၉၉ | ၁၂၃၂၆ | ၃ | ၈ | ၁၃၇ |
| ၁ | အမှတ်(၁)ရပ်ကွက် | ၈၆၉ | ၁၁၂၂ | ၁ | - | - |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁၀၀၈ | ၆၆၃ | ၁ | - | - |
| ၃ | အမှတ်(၃)ရပ်ကွက် | ၅၇၈ | ၄၇၂ | ၁ | - | - |
| ၄ | ထင်ပါကျိုင်းအုပ်စု | ၃၁၆၈ | ၃၂၀၀ | - | ၁ | ၃၀ |
| ၅ | တာရွှေထန်အုပ်စု | ၁၂၅၂ | ၁၂၁၁ | - | ၁ | ၁၇ |
| ၆ | မန်လော်အုပ်စု | ၇၁၅ | ၇၃၂ | - | ၁ | ၁၂ |
| ၇ | ကြာစီရှူးအုပ်စု | ၉၇၁ | ၉၇၁ | - | ၁ | ၁၀ |
| ၈ | မန်တုံပါးအုပ်စု | ၁၃၆၀ | ၁၃၈၁ | - | ၁ | ၂၁ |
| ၉ | တောက်ရွှေအုပ်စု | ၅၀၁ | ၅၀၁ | - | ၁ | ၁၁ |
| ၁၀ | ရွှေယင်စီးအုပ်စု | ၂၆၀၀ | ၁၆၈၇ | - | ၁ | ၃၀ |
| ၁၁ | လုံထန်အုပ်စု | ၃၇၇ | ၃၈၆ | - | ၁ | ၆ |
| | **ချင်းရွှေဟော်မြို့** | **၅၉၆** | **၅၃၄** | **၃** | **-** | **-** |
| ၁ | အမှတ်(၁)ရပ်ကွက် | ၁၆၆ | ၈၀ | ၁ | - | - |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂၃၄ | ၂၈၀ | ၁ | - | - |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၉၆ | ၁၇၄ | ၁ | - | - |
| | မြို့နယ်ချုပ် | ၁၃၉၉၅ | ၁၂၈၆၀ | ၆ | ၈ | ၁၃၇ |

(ခ) **လူဦးရေ**

| စဉ် | မြို့နယ်/မြို့ | ၁၈နှစ်အောက် | | | ၁၈နှစ်အထက် | | | စုစုပေါင်း | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း |
| | **လောက်ကိုင်မြို့နယ်** | **၁၂၆၀၉** | **၁၂၇၀၄** | **၂၅၃၁၃** | **၂၃၇၀၈** | **၂၄၁၃၅** | **၄၇၈၄၃** | **၃၆၃၀၇** | **၃၆၈၃၉** | **၇၃၁၅၆** |
| ၁ | အမှတ်(၁)ရပ်ကွက် | ၇၉၃ | ၈၅၅ | **၁၆၄၈** | ၂၂၂၀ | ၂၁၀၉ | **၄၃၂၉** | ၃၀၁၃ | ၂၉၆၄ | ၅၉၇၇ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၅၀၃ | ၄၈၇ | **၉၉၀** | ၁၂၄၃ | ၁၄၂၄ | **၂၆၆၇** | ၁၇၄၆ | ၁၉၁၁ | ၃၆၅၇ |
| ၃ | အမှတ်(၃)ရပ်ကွက် | ၄၉၇ | ၅၂၉ | **၁၀၂၆** | ၈၆၀ | ၉၅၈ | **၁၈၁၈** | ၁၃၅၇ | ၁၄၈၇ | ၂၈၄၄ |
| ၄ | တောက်ရွှေကျေးရွာအုပ်စု | ၆၆၉ | ၆၃၉ | **၁၃၀၈** | ၁၁၇၀ | ၁၁၆၄ | **၂၃၃၄** | ၁၈၃၉ | ၁၈၀၃ | ၃၆၄၂ |
| ၅ | ထင်ပါကျိုင်းကျေးရွာအုပ်စု | ၃၂၇၅ | ၃၃၀၈ | **၆၅၈၃** | ၅၉၄၁ | ၆၄၀၆ | **၁၂၃၄၇** | ၉၂၁၆ | ၉၇၁၄ | ၁၈၉၃၀ |
| ၆ | ရွှေယင်စီးကျေးရွာအုပ်စု | ၁၈၃၀ | ၁၈၀၈ | **၃၆၃၈** | ၃၃၄၁ | ၃၅၀၅ | **၆၈၄၆** | ၅၁၇၁ | ၅၃၁၃ | ၁၀၄၈၄ |
| ၇ | မန်တုံပါးကျေးရွာအုပ်စု | ၁၆၂၄ | ၁၅၆၉ | **၃၁၉၃** | ၂၄၁၃ | ၂၃၁၈ | **၄၇၃၁** | ၄၀၃၇ | ၃၈၈၇ | ၇၉၂၄ |
| ၈ | တာရွှေထန်ကျေးရွာအုပ်စု | ၁၂၂၉ | ၁၂၄၇ | **၂၄၇၆** | ၂၅၇၄ | ၂၄၈၇ | **၅၀၆၁** | ၃၈၀၃ | ၃၇၃၄ | ၇၅၃၇ |
| ၉ | ကြာစီရှူးကျေးရွာအုပ်စု | ၉၅၄ | ၉၉၂ | **၁၉၄၆** | ၁၇၃၈ | ၁၅၄၇ | **၃၂၈၅** | ၂၆၉၂ | ၂၅၃၉ | ၅၂၃၁ |
| ၁၀ | မန်လော်ကျေးရွာအုပ်စု | ၈၀၈ | ၈၃၆ | **၁၆၄၄** | ၁၄၀၇ | ၁၃၄၈ | **၂၇၅၅** | ၂၂၁၅ | ၂၁၈၄ | ၄၃၉၉ |
| ၁၁ | လုံထန်ကျေးရွာအုပ်စု | ၄၂၇ | ၄၃၄ | **၈၆၁** | ၈၀၁ | ၈၆၉ | **၁၆၇၀** | ၁၂၂၈ | ၁၃၀၃ | ၂၅၃၁ |
| | **ချင်းရွှေဟော်မြို့** | **၃၀၈** | **၂၉၉** | **၆၀၇** | **၉၃၈** | **၈၅၄** | **၁၇၉၂** | **၁၂၄၆** | **၁၁၅၃** | **၂၃၉၉** |
| ၁ | အမှတ်(၁)ရပ်ကွက် | ၃၉ | ၄၀ | **၇၉** | ၁၇၅ | ၂၁၄ | **၃၈၉** | ၂၁၄ | ၂၅၄ | ၂၆၈ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၁၅၀ | ၁၅၁ | **၃၀၁** | ၃၉၃ | ၃၈၀ | **၇၇၃** | ၅၄၃ | ၅၃၁ | ၁၀၇၄ |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၁၉ | ၁၀၈ | **၂၂၇** | ၃၇၀ | ၂၆၀ | **၆၃၀** | ၄၈၉ | ၃၆၈ | ၈၅၇ |
| | **မြို့နယ်ချုပ်** | **၁၂၉၁၇** | **၁၃၀၀၃** | **၂၅၉၂၀** | **၂၄၆၄၆** | **၂၄၉၈၉** | **၄၉၆၃၅** | **၃၇၅၆၃** | **၃၇၉၉၂** | **၇၅၅၅၅** |

## လူဦးရေတိုးနှုန်းနှင့်ကျား/မအချိုး

၁၆။ လောက်ကိုင်မြို့နယ်၏ ၂၀၁၉ ခုနှစ် လူဦးရေတိုးနှုန်းကျား/မအချိုးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

### (က) လူဦးရေတိုးနှုန်းနှင့်ကျားမအချိုး

| စဉ် | မြို့နယ်/မြို့ | ယခင်နှစ်လူဦးရေ | ယခုနှစ်လူဦးရေ | တိုးလာဦးရေ | တိုးနှုန်း | ကျား/မအချိုး | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | အချိုး |
| | **လောက်ကိုင်မြို့နယ်** | ၅၆၈၄၉ | ၇၃၁၅၆ | (+)၁၆၃၀၇ | ၁ | **၃၆၃၀၇** | **၃၆၈၃၉** | ၁ : ၀.၀၁ |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂၁၃၇ | ၅၉၇၇ | (+)၃၈၄၀ | ၁ | ၃၀၁၃ | ၂၉၆၄ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂၉၉၁ | ၃၆၅၇ | (+)၆၆၆ | ၁ | ၁၇၄၆ | ၁၉၁၁ | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၈၃၃ | ၂၈၄၄ | (-)၁၀၁၁ | ၁ | ၁၃၅၇ | ၁၄၈၇ | |
| ၄ | တောက်ရွှေကျေးရွာအုပ်စု | ၅၀၇၈ | ၃၆၄၂ | (-)၁၄၃၆ | ၁ | ၁၈၃၉ | ၁၈၀၃ | |
| ၅ | ထင်ပါကျိုင်းကျေးရွာအုပ်စု | ၉၆၁၃ | ၁၈၉၃၀ | (+)၉၃၁၇ | ၁ | ၉၂၁၆ | ၉၇၁၄ | |
| ၆ | ရွှေယင်စီးကျေးရွာအုပ်စု | ၅၃၈၉ | ၁၀၄၈၄ | (+)၅၀၉၅ | ၁ | ၅၁၇၁ | ၅၃၁၃ | |
| ၇ | မန်တုံပါးကျေးရွာအုပ်စု | ၇၆၈၄ | ၇၉၂၄ | (+)၂၄၀ | ၁ | ၄၀၃၇ | ၃၈၈၇ | |
| ၈ | တာရွှေထန်ကျေးရွာအုပ်စု | ၁၀၈၈၉ | ၇၅၃၇ | (-)၃၃၅၂ | ၁ | ၃၈၀၃ | ၃၇၃၄ | |
| ၉ | ကြာစီရှူးကျေးရွာအုပ်စု | ၅၄၂၂ | ၅၂၃၁ | (-)၁၉၁ | ၁ | ၂၆၉၂ | ၂၅၃၉ | |
| ၁၀ | မန်လော်ကျေးရွာအုပ်စု | ၄၉၁၂ | ၄၃၉၉ | (-)၅၁၃ | ၁ | ၂၂၁၅ | ၂၁၈၄ | |
| ၁၁ | လုံထန်ကျေးရွာအုပ်စု | ၁၆၀၁ | ၂၅၃၁ | (+)၉၃၀ | ၁ | ၁၂၂၈ | ၁၃၀၃ | |
| | **ချင်းရွှေဟော်မြို့** | ၉၃၂ | ၂၃၉၉ | (+)၁၄၆၇ | ၁ | **၁၂၄၆** | **၁၁၅၃** | ၁ : ၀.၀၁ |
| ၁၂ | အမှတ်(၁)ရပ်ကွက် | ၃၃၉ | ၄၆၈ | (+)၁၂၉ | ၁ | ၂၁၄ | ၂၅၄ | |
| ၁၃ | အမှတ်(၂)ရပ်ကွက် | ၃၅၉ | ၁၀၇၄ | (+)၇၁၅ | ၁ | ၅၄၃ | ၅၃၁ | |
| ၁၄ | အမှတ်(၃)ရပ်ကွက် | ၂၃၄ | ၈၇၅ | (+)၆၄၁ | ၁ | ၄၈၉ | ၃၆၈ | |
| | **မြို့နယ်ချုပ်** | ၅၇၇၈၁ | ၇၅၅၅၅ | (+)၁၇၇၇၄ | ၁ | **၃၇၅၆၃** | **၃၇၉၉၂** | ၁ : ၀.၀၁ |

### ( ခ ) မွေးဖွား၊သေဆုံး၊ပြောင်းဝင်၊ပြောင်းထွက်လူဦးရေ

| စဉ် | မြို့နယ်/မြို့ | မူလလူဦးရေ | မွေးဖွားလူဦးရေ | သေဆုံးဦးရေ | ပြောင်းဝင်ဦးရေ | ပြောင်းထွက်ဦးရေ | လက်ရှိလူဦးရေ |
|---|---|---|---|---|---|---|---|
| | **လောက်ကိုင်မြို့နယ်** | ၅၆၈၄၉ | ၂၇၄ | ၁၀၈ | ၂၁၇၆၅ | ၅၆၂၄ | **၇၃၁၅၆** |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂၁၃၇ | ၁၉ | ၈ | ၃၈၂၉ | - | ၅၉၇၇ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂၉၉၁ | ၁၇ | ၇ | ၁၃၈၄ | ၂၈ | ၃၆၅၇ |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၈၃၃ | ၁၇ | ၈ | ၁၀၄၁ | ၃၉ | ၂၈၄၄ |
| ၄ | တောက်ရွှေကျေးရွာအုပ်စု | ၅၀၇၈ | ၃၁ | ၁၃ | - | ၁၄၅၄ | ၃၆၄၂ |
| ၅ | ထင်ပါကျိုင်းကျေးရွာအုပ်စု | ၉၆၁၃ | ၂၈ | ၁၁ | ၉၃၀၀ | - | ၁၈၉၃၀ |
| ၆ | ရွှေယင်စီးကျေးရွာအုပ်စု | ၅၃၈၉ | ၄၁ | ၇ | ၅၀၆၁ | - | ၁၀၄၈၄ |
| ၇ | မန်တုံပါးကျေးရွာအုပ်စု | ၇၆၈၄ | ၂၄ | ၁၆ | ၂၃၂ | - | ၇၉၂၄ |
| ၈ | တာရွှေထန်ကျေးရွာအုပ်စု | ၁၀၈၈၉ | ၃၃ | ၁၁ | - | ၃၃၇၄ | ၇၅၃၇ |
| ၉ | ကြာစီရှူးကျေးရွာအုပ်စု | ၅၄၂၂ | ၁၇ | ၉ | - | ၁၉၉ | ၅၂၃၁ |
| ၁၀ | မန်လော်ကျေးရွာအုပ်စု | ၄၉၁၂ | ၂၄ | ၇ | - | ၅၃၀ | ၄၃၉၉ |
| ၁၁ | လုံထန်ကျေးရွာအုပ်စု | ၁၆၀၁ | ၂၃ | ၁၁ | ၉၁၈ | - | ၂၅၃၁ |
| | **ချင်းရွှေဟော်မြို့** | ၉၃၂ | ၈၉ | ၄၄ | ၁၅၃၉ | ၁၁၇ | **၂၃၉၉** |
| ၁၂ | အမှတ်(၁)ရပ်ကွက် | ၃၃၉ | ၃၃ | ၁၈ | ၁၄၃ | ၂၉ | ၂၆၈ |
| ၁၃ | အမှတ်(၂)ရပ်ကွက် | ၃၅၉ | ၂၉ | ၁၅ | ၇၄၈ | ၄၇ | ၁၀၇၄ |
| ၁၄ | အမှတ်(၃)ရပ်ကွက် | ၂၃၄ | ၂၇ | ၁၁ | ၆၄၈ | ၄၁ | ၈၅၇ |
| | **မြို့နယ်ချုပ်** | ၅၇၇၈၁ | ၃၆၃ | ၁၅၂ | ၂၃၃၀၄ | ၅၇၄၁ | **၇၅၅၅၅** |

## ကိုးကွယ်သည့်ဘာသာ

၁၇။ လောက်ကိုင်မြို့နယ်တွင်နေထိုင်ကြသူများ၏ ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | ဗုဒ္ဓ ဘာသာ | ခရစ်ယာန် | ဟိန္ဒူဘာသာ | အစ္စလာမ်ဘာသာ | နတ် | အခြား | ပေါင်း |
|---|---|---|---|---|---|---|---|---|
| | **လောက်ကိုင်မြို့နယ်** | **၁၈၁၁၄** | **၅၈၈** | - | - | **၅၄၄၅၄** | - | **၇၃၁၅၆** |
| ၁ | အမှတ်(၁)ရပ်ကွက် | ၂၃၅၇ | ၉၅ | - | - | ၃၅၂၅ | - | ၅၉၇၇ |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂၂၃၃ | ၈၀ | - | - | ၁၃၄၄ | - | ၃၆၅၇ |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁၈၈၁ | ၁၀၇ | - | - | ၈၅၆ | - | ၂၈၄၄ |
| ၄ | တောက်ရွှေကျေးရွာအုပ်စု | ၃၂၉ | - | - | - | ၃၃၁၃ | - | ၃၆၄၂ |
| ၅ | ထင်ပါကျိုင်းကျေးရွာအုပ်စု | ၆၅၆၉ | ၅၅ | - | - | ၁၂၃၀၆ | - | ၁၈၉၃၀ |
| ၆ | ရွှေယင်စီးကျေးရွာအုပ်စု | ၁၇၁၈ | ၃၅ | - | - | ၈၇၃၁ | - | ၁၀၄၈၄ |
| ၇ | မန်တုံပါးကျေးရွာအုပ်စု | ၇၄၉ | ၃၁ | - | - | ၇၁၄၄ | - | ၇၉၂၄ |
| ၈ | တာရွှေထန်ကျေးရွာအုပ်စု | ၉၈၀ | ၁၁၀ | - | - | ၆၄၄၇ | - | ၇၅၃၇ |
| ၉ | ကြာစီရှူးကျေးရွာအုပ်စု | ၅၆၅ | - | - | - | ၄၆၆၆ | - | ၅၂၃၁ |
| ၁၀ | မန်လော်ကျေးရွာအုပ်စု | ၅၃၄ | ၅၀ | - | - | ၃၈၁၅ | - | ၄၃၉၉ |
| ၁၁ | လုံထန်ကျေးရွာအုပ်စု | ၁၉၉ | ၂၅ | - | - | ၂၃၀၇ | - | ၂၅၃၁ |
| | **ချင်းရွှေဟော်မြို့** | **၅၀၀** | **၅၈** | - | - | **၁၈၄၁** | - | **၂၃၉၉** |
| ၁၂ | အမှတ်(၁)ရပ်ကွက် | ၁၃၅ | ၁၈ | - | - | ၃၁၅ | - | ၄၆၈ |
| ၁၃ | အမှတ်(၂)ရပ်ကွက် | ၁၇၈ | ၁၅ | - | - | ၈၈၁ | - | ၁၀၇၄ |
| ၁၄ | အမှတ်(၃)ရပ်ကွက် | ၁၈၇ | ၂၅ | - | - | ၆၄၅ | - | ၈၅၇ |
| | **မြို့နယ်ချုပ်** | **၁၈၆၁၄** | ၆၄၆ | - | - | **၅၆၂၉၅** | - | **၇၅၅၅၅** |

## နိုင်ငံခြားသားများနေထိုင်မှု

၁၈။ လောက်ကိုင်မြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်သူ ဦးရေမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/ မြို့ | နိုင်ငံခြားသား | နေထိုင်ဦးရေ | မြို့နယ် လူဦးရေ | မြို့နယ်လူဦးရေ၏ (%) |
|---|---|---|---|---|---|
| ၁ | လောက်ကိုင် | - | - | - | - |
| ၂ | ချင်းရွှေဟော် | - | - | - | - |
| | **မြို့နယ်ချုပ်** | - | - | - | - |

## အခန်း(၅)

## အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

### အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှု

၁၉။ လောက်ကိုင်မြို့နယ်၏ အုပ်ချုပ်ရေးနယ်မြေဖွဲ့စည်းမှုမှာအောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ်/မြို့ | မြို့ | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|---|---|
| ၁ | လောက်ကိုင်မြို့နယ် | ၁ | ၃ | ၈ | ၁၃၇ |
| ၂ | ချင်းရွှေဟော်မြို့ | ၁ | ၃ | - | - |
| | **မြို့နယ်ချုပ်** | ၂ | ၆ | ၈ | ၁၃၇ |

### ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ

၂၀။ လောက်ကိုင်မြို့နယ်၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်စာရင်း**

| စဉ် | အမည် | အလုပ်အကိုင် | တာဝန် |
|---|---|---|---|
| ၁ | ဦးဟော်စစ်ချန် | တောင်ယာ(စိုက်/မွေး) | ဥက္ကဋ္ဌ |
| ၂ | ဦးတွမ်းစန်း | ။ | အဖွဲ့ဝင် |
| ၃ | ဦးစန်းမောင် | ။ | ။ |
| ၄ | ဦးလုံတယ် | ။ | ။ |
| ၅ | ဦးချိန်လိကျွင်း | ။ | ။ |
| ၆ | ဦးမြသိန်း | စက်မှုလယ်ယာ(ငြိမ်း) | ။ |
| ၇ | ဦးသက်ဇော်နိုင် | ထွေ/အုပ် | ။ |
| ၈ | ဒေါ်ခင်မေဦး | ပြန်/ဆက် | ။ |
| ၉ | ဦးမြင့်လွင် | စိုက်ပျိုးရေး | ။ |
| ၁၀ | ဦးစိုးနိုင် | လဝက | ။ |
| ၁၁ | ဦးကိုကိုဦး | ပညာရေး | ။ |
| ၁၂ | ဦးအောင်ကျော် | ကျန်းမာရေး | ။ |
| ၁၃ | ဦးပြည့်ကျော် | ဥပဒေ | ။ |
| ၁၄ | ဦးထွန်းဇော်လှ | လယ်/စာရင်းအင်း | ။ |
| ၁၅ | ဦးဟိန်းမြတ်ဇော် | စည်ပင် | ။ |
| ၁၆ | ဒေါ်သန်းသန်းစိုး | ကော်မရှင် | အတွင်းရေးမှူး |

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ

| စဉ် | မြို့နယ်/မြို့ | မြို့နယ်/မြို့လူဦးရေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|
| | လောက်ကိုင်မြို့နယ် | ၇၃၁၅၆ | ၂၄၄၉၂ | ၂၅၃၉၉ | ၄၉၈၉၁ |
| ၁ | အမှတ်(၁)ရပ်ကွက် | | ၂၃၂၉ | ၂၂၈၁ | ၄၆၁၀ |
| ၂ | အမှတ်(၂)ရပ်ကွက် | | ၁၃၃၄ | ၁၅၅၈ | ၂၈၉၂ |
| ၃ | အမှတ်(၃)ရပ်ကွက် | | ၁၀၆၁ | ၁၁၄၁ | ၂၂၀၂ |
| ၄ | ထင်ပါကျိုင်းအုပ်စု | | ၆၁၂၈ | ၆၆၇၁ | ၁၂၇၉၉ |
| ၅ | တာရှေထန်အုပ်စု | | ၂၆၅၂ | ၂၆၅၅ | ၅၃၀၇ |
| ၆ | မန်လော်အုပ်စု | | ၁၃၆၄ | ၁၃၃၁ | ၂၆၉၅ |
| ၇ | ကြာစီရှူးအုပ်စု | | ၁၇၄၇ | ၁၅၉၄ | ၃၃၄၁ |
| ၈ | မန်တုံပါးအုပ်စု | | ၂၅၂၅ | ၂၄၉၁ | ၅၀၁၆ |
| ၉ | တောက်ရှေအုပ်စု | | ၁၁၇၅ | ၁၁၇၂ | ၂၃၄၇ |
| ၁၀ | ရှေယင်စီးအုပ်စု | | ၃၃၇၉ | ၃၆၂၄ | ၇၀၀၃ |
| ၁၁ | လုံထန်အုပ်စု | | ၇၉၈ | ၈၈၁ | ၁၆၇၉ |
| | ချင်းရွှေဟော်မြို့ | ၂၃၉၉ | ၉၄၆ | ၈၃၉ | ၁၇၈၅ |
| ၁ | အမှတ်(၁)ရပ်ကွက် | | ၁၈၉ | ၂၂၅ | ၄၁၄ |
| ၂ | အမှတ်(၂)ရပ်ကွက် | | ၃၇၉ | ၃၅၂ | ၇၃၁ |
| ၃ | အမှတ်(၃)ရပ်ကွက် | | ၃၇၈ | ၂၆၂ | ၆၄၀ |
| | မြို့နယ်ချုပ် | ၇၅၅၅၅ | ၂၅၄၃၈ | ၂၆၂၃၈ | ၅၁၆၇၆ |

(ဂ ) နိုင်ငံရေးပါတီများ

| စဉ် | ပါတီ | ဥက္ကဋ္ဌ | အတွင်းရေးမှူး | အမှုဆောင်ဦးရေ | ပါတီဝင်ဦးရေ |
|---|---|---|---|---|---|
| ၁ | ပြည်ခိုင်ဖြိုးပါတီ | ဦးဝိန့်မောင်မောင် | ဦးရှီယူကွမ်း | ၁၅ | ၁၇၀၆ |
| ၂ | ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ | ဦးအန်တိုနီစူ(ခ)စုံဝင်ဟူ | ဦးမြင့်ခိုင် | ၇ | - |

(ဃ) ရွေးချယ်ခံရသော လွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | မြို့နယ် | လွှတ်တော်ကိုယ်စားလှယ်အမည် | ပါတီအမည် | လွှတ်တော်အမည် |
|---|---|---|---|---|
| ၁ | လောက်ကိုင် | ဦးလူတယ်ဟုန်(ခ) အောင်ရွှေ | ပြည်ခိုင်ဖြိုး | ပြည်သူ့လွှတ်တော် |
| ၂ | လောက်ကိုင် | ဦးကျော်နီနိုင် | ။ | အမျိုးသားလွှတ်တော် |
| ၃ | လောက်ကိုင် | ဦးအောင်သန်းထွန်း | ။ | ပြည်နယ်လွှတ်တော်၊လောက်ကိုင်-၁ |
| ၄ | လောက်ကိုင် | ဦးဘေရှင်နယ်(ခ)ခင်မောင်လွင် | ။ | ပြည်နယ်လွှတ်တော်၊လောက်ကိုင်-၂ |

## အခန်း(၆)
## စီပွားရေးဆိုင်ရာအချက်အလက်

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

၂၁။ လောက်ကိုင်မြို့နယ်သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအသင့်အတင့်ရှိသော မြို့နယ်ဖြစ်ပါသည်။ ဒေသခံပြည်သူများသည်စိုက်ပျိုးရေးလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ဆောင်ရွက်ကြပြီးနယ်စပ်မြို့တစ်မြို့ဖြစ်ကာအဓိကထွက်ကုန်ကြံဖြစ်၍တစ်ဖက်တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့အများဆုံးတင်ပို့ရောင်းချပါသည်။

**မြေအသုံးချမှု**

၂၂။ လောက်ကိုင်မြို့နယ်၏ မြေအမျိုးအစားအလိုက်အသုံးချမှုဧကအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

| စဉ် | မြေအမျိုးအစား | ဧရိယာ(ဧက) |
|---|---|---|
| ၁ | အသားတင်စိုက်ပျိုးမြေဧရိယာပေါင်း | ၄၆၅၄၄ |
| | (က) လယ်မြေဧရိယာ | ၃၈၂၄ |
| | ( ခ) ယာမြေ | ၃၄၂၈၀ |
| | ( ဂ) ကိုင်း/ကျွန်းမြေ | ၇၆ |
| | ( ဃ) ဥယျာဉ်မြေ | ၈၃၆၄ |
| | ( င) ဓနိ | - |

| | | |
|---|---|---|
| ၂ | လုပ်ထားမြေဧရိယာပေါင်း | ၆၄၂၅ |
| | (က) လယ်မြေဧရိယာ | - |
| | (ခ) ယာမြေ | ၃၆၀၅ |
| | (ဂ) ကိုင်း/ကျွန်းမြေ | - |
| | (ဃ) ဥယျာဉ်မြေ | ၂၈၂၀ |
| | (င) ဓနိ | - |
| ၃ | စားကျက်မြေ | - |
| ၄ | စက်မှုလုပ်ငန်းသုံးမြေ | ၇ |
| ၅ | မြို့မြေ | ၂၈၉၈ |
| ၆ | ရွာမြေ | ၃၃၂ |
| ၇ | အခြားမြေ | ၁၃၀၂၃၂ |
| ၈ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ဧရိယာ | - |
| ၉ | တောရိုင်း | ၁၁၁၄၀ |
| ၁၀ | မြေရိုင်း | ၈၃၄ |
| ၁၁ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၄၄၄၄ |
| | စုစုပေါင်း | ၂၀၂၈၅၆ |

## ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ

၂၃။ အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

(က) **ကိုယ့်အားကိုယ်ကိုးဆည်များ**

| စဉ် | မြို့နယ်/ မြို့ | ဆည် အမည် | ဆည်အမျိုးအစား | ရေဝင်ဆံ့မှု (ကုဗပေ) | အကျိုးပြု ဧက |
|---|---|---|---|---|---|
| | လောက်ကိုင်မြို့နယ် | | | | |
| ၁ | မန်လေဉ်ကျေးရွာအုပ်စု | မန်လေဉ်-၁ | ရေလွှဲဆည် | - | ၇၈.၀၀ |
| ၂ | ״ | မန်လေဉ်-၂ | ရေလွှဲဆည် | - | ၂၅.၀၀ |
| ၃ | ״ | မန်လေဉ်-၃ | ရေလွှဲဆည် | - | ၁၆.၀၀ |
| | ချင်းရွှေဟော်မြို့ | - | - | - | - |
| | မြို့နယ်ချုပ် | ၃ | ၃ | | ၁၁၉.၀၀ |

(ခ) **မြစ်ရေတင်စီမံကိန်းများ**

**မရှိပါ။**

(ဂ) **တာတမံများ/ရေထိန်းတံခါး**

**မရှိပါ။**

## စိုက်ပျိုးရေးလုပ်ငန်း

၂၄။ လောက်ကိုင်မြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **အဓိကသီးနှံ (၁၀)မျိုး စိုက်ပျိုးထုတ်လုပ်မှု**

| စဉ် | သီးနှံအမည် | ၂၀၁၈-၂၀၁၉လျာထားဧက | | ၂၀၁၈-၂၀၁၉ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| | | | | စိုက် | ရိတ် | နှုန်း | အထွက်(တင်း) |
| ၁ | စပါးပေါင်း | နွေ | - | - | - | - | - |
| | | မိုး | ၆၉၈၀ | ၆၀၂၇ | ၆၀၂၇ | ၉၇.၆၁ | ၅၈၈၂၈၄ |
| ၂ | မြေပဲ | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၃ | နှမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၄ | နေကြာ | - | - | - | - | - | - |
| ၅ | မတ်ပဲ | - | - | - | - | - | - |
| ၆ | ပဲတီစိမ်း | မိုး | - | - | - | - | - |
| | | ဆောင်း | - | - | - | - | - |
| ၇ | ပဲစင်းငုံ | - | - | - | - | - | - |
| ၈ | ဝါ | - | - | - | - | - | - |
| ၉ | ကြံ | - | ၁၁၁၅၆ | ၁၃၆၅၂ | - | - | - |
| ၁၀ | အစေ့ ထုတ်ပြောင်း | မိုး | ၁၈၂၉၄ | ၁၆၇၅၁ | ၁၆၇၅၁ | ၈၂.၈၆ | ၂၂၅၄၇၃ |
| | | ဆောင်း | - | ၅၀ | - | - | - |

## (ခ) နှစ်ရှည်သီးနှံစိုက်ပျိုးမှုအခြေအနေ

| စဉ် | သီးနှံအမည် | စိုက်(ဧက) | ရိတ်(ဧက) | အထွက်နှုန်း (ပိဿာ) | အထွက်ပေါင်း (ပိဿာ) |
|---|---|---|---|---|---|
| ၁ | ရော်ဘာ | ၂၃၃၉ | ၁၂၃၀ | ၄၈၄.၄၉ | ၅၉၅၉၂၂ |
| ၂ | လက်ဖက် | ၂၃၀၂ | ၂၃၀၂ | ၂၀၇.၅၁ | ၄၇၉၇၆၂ |
| ၃ | သစ်ကြား | ၁၈၉၉ | ၁၈၉၉ | ၂၆၇၁.၂၀ | ၅၀၇၂၆၁၇ |
| ၄ | လိုင်ချီး | ၁၈၁ | - | - | - |
